ဂကောံပံင်ကောံပရေင်ဂကူမန်

Mon Affairs Union

## မွန်အမျိုးသားရေးရာအဖွဲ့ချုပ်၏ ၂၅၄ နှစ်မြောက် ဟံသာဝတီမွန်နိုင်ငံတော် ပျက်သုဉ်းခြင်း အထိမ်းအမှတ် ထုတ်ပြန်ကြေငြာချက်

ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ် ကဆုန်လဆုပ် (၈)ရက်သည် ဟံသာဝတီမွန်နိုင်ငံတော် ပျက်သုဉ်းခဲ့သည်မှာ ၂၅၄ နှစ်ပြည့်မြောက် ပြီးဖြစ်ပါသည်။ ဤလွမ်းဆွတ်ဖွယ်နေ့တွင် မွန်ပြည်သူများမှ အလှူဒါန ရေစက်သွန်းချ အမျှဝေ ဖရောင်းတိုင် မီးထွန်းညှိ ပူဇော် ကောင်းမှုကုသိုလ်များပြုကာ မွန်နိုင်ငံတော်ပျက်သုဉ်းစဉ်က သေဆုံးသွားခဲ့ရသော မွန်သံဃာတော်များ၊ အမျိုးသား၊ အမျိုး သမီး၊ ကလေး၊ လူငယ်များ သာဓုခေါ်ယူပြီး ကောင်းရာသုဂတိဘုံသို့ ရောက်နိုင်ပါစေရန်၊ တချိန်တည်းမှာပင် ဤလွမ်းဆွတ်ဖွယ် ဖြစ်ရပ်ကို သင်ခန်းစာယူကာ အမျိုးသားရေး တာဝန်တရပ်အဖြစ် ဟံသာဝတီမွန်နိုင်ငံတော် ပျက်သုဉ်း ခြင်း အထိမ်းအမှတ်နေ့ကို နှစ်စဉ်ကျင်းပသွားပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုယ်ပိုင်ထီးနန်းအချုပ်အခြာဖြင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်းတီးလာခဲ့သောမွန်တို့သည် ကောဇာသက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် ဟံသာဝတီမွန်နိုင်ငံတော်ကို ဗမာဘုရင်အောင်ဇေယျနှင့် နောက်လိုက်ဗိုလ်ပါတို့၏ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် အချုပ်အခြာမဲ့သောလူမျိုးအဖြစ်သို့ ရောက်သွားခဲ့ရသည်။ ထို့အပြင် ၎င်းတို့၏ မျိုးဖြုတ်သတ်ဖြတ်မှုကြောင့် မရေတွက်နိုင်သောမွန်လူမျိုးများသေဆုံးရပြီး အသက်ဘေးမှလွတ်မြောက်သူများလည်း အိမ်နီးချင်းထိုင်းနိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးရခဲ့သည်။ ၎င်းအပြင် မွန်လူမျိုးတို့သည်လူမျိုးငယ်အဆင့်ဘဝအဖြစ်သို့ ရောက်ရှိသွားခဲ့ရပြန်သည်။

နှစ်ဆယ်ရာစုဖြစ်စဉ်ကိုပြန်လည်သုံးသပ်လျှင် ဒုတိယကမ္ဘာစစ်အတွင်းဟစ်တလာ၏ နာဇီပါတီမှဂျူးလူမျိုးတို့ကို မျိုးဖြုတ်သတ်ဖြတ်ပြီးနောက် လူမျိုးတုံးသတ်ဖြတ်မှုသည်ကမ္ဘာအရပ်ရပ်တွင် လျော့နည်းလာပေပြီ။ သို့သော် မြန်မာနိုင်ငံတွင် လူမျိုးဖြုတ်လုပ်ရပ်သည် အုပ်စိုးသူဗမာခေါင်းဆောင်များအဆက်ဆက်တွင် ရင့်ကျက်လာပြီး တိုင်းပြည်ဖျက်ဆီးလိုသည့် အကျင့်စရိုက်သည်လည်း ရှိနေဆဲဖြစ်သည်။ အောင်ဇေယျက မွန်နှင့် တိုင်းရင်းသားလူမျိုးများတို့ကို မျိုးဖြုတ်သတ်ဖြတ်လာရာမှ ၁၉၈၈ ဒီမိုကရေစီ တောင်းဆိုမှုနှင့် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးတွင် ဗမာရဟန်းသံဃာများ၊ ကျောင်းသားပြည်သူများစွာတို့ကို သတ်ဖြတ်ခဲ့သည်။ အောင်ဇေယျဖျက်ဆီးခဲ့၍ ကြီးကျယ်ခန်းနားသည့် ဟံသာဝတီမွန်နိုင်ငံတော်ပျက်စီးသွားခဲ့ရသည့်နည်းတူလွတ်လပ်ရေး ရပြီးနောက် မြန်မာနိုင်ငံသည် အုပ်ချုပ်သူဗမာခေါင်းဆောင်တို့၏ သွေးစုပ်ဖိနှိပ်မှုကြောင့် အရှေ့တောင်အာရှတွင် အဖွံ့ဖြိုးဆုံးနိုင်ငံအဆင့်မှ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံစာရင်းထဲသို့ရောက်ရှိသွားခဲ့သည်။

ယနေ့မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်နှင့် နိုင်ငံရေးပြဿနာများ တစ်ဆို့နေမှုသည် မဟာလူမျိုးကြီးဝါဒဖြင့် အာဏာရဗမာအစိုးရက တိုင်းရင်းသားပြည်သူလူထုအခွင့်အရေးများကို ပိတ်ပင်ထားမှုကြောင့်ဖြစ်သည်။ ဒီမိုကရေစီလမ်းစဉ်နှင့် သွေဖီနေပြီး စစ်အာဏာရှင်စနစ်ဖြင့် တိုင်းပြည်ကိုအုပ်ချုပ်နေသည်။ နိုင်ငံသားပြည်သူများတောင်းဆိုနေသည့် နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေး၊ တိုင်းရင်းသားစာပေများသင်ကြားခွင့်ပြုရေးနှင့် နိုင်ငံရေးပြဿနာကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာရေး စသည်တို့ကို တစုံတရာပြောင်းလဲပြုပြင်ပေးခြင်းမရှိပါ။ ထို့အပြင် တိုင်းရင်းသားဒေသများကို ဆက်လက်ထိုးစစ်ဆင်နေဆဲဖြစ်သည်။ ထို့ကြောင့် ယခုအစိုးရသစ်သည် ယခင်စစ်အစိုးရနှင့် မထူးမခြားနားပါ။ စစ်ဝတ်မှအရပ်ဝတ်သို့ ပြောင်းထားခြင်းမျသာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စစ်အစိုးရ၏ထိုးစစ်ဆင်နေမှုကို အကာအကွယ်ပေးနိုင်ရန်နှင့် နိုင်ငံရေးပြဿနာများကို တွေ့ဆုံဆွေးနွေးရေးဖြင့် အဖြေရှာနိုင်ရန် လူထုအဓိကလူ့အဖွဲ့အစည်း (Civil Societies) ဖြင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ (CRPP) ကဲ့သို့သော ပြည်တွင်းနိုင်ငံရေးအင်အားစုများကိုအားဖြည့်ကူညီပြီး တိုက်ပွဲ ဝင်သွားရမည်ဖြစ်သည်။ ထိုနည်းတူ ဟံသာဝတီမွန်နိုင်ငံတော်ပျက်သုဉ်းသည့် လွမ်းဆွတ်ဖွယ်ဖြစ်ရပ်များကို အင်အားတရပ်အဖြစ် မွေးကာ မွန်တို့၏ကံကြမ္မာကို မွန်တို့ဖန်တီးနိုင်ရန် ပါတီပေါင်းစုအင်အားဖြင့် စုပေါင်းတိုက်ပွဲဝင်သွားကြပါစို့ဟု အလေးအနက် တိုက်တွန်းကြောင်းကြေညာအပ်ပါသည်။

ကောဇာသက္ကရာဇ် ၁၃၇၃ ကဆုန်လဆုပ် ၈ ရက်
၂၀၁၁ ခုနှစ်၊ မေလ (၂၅) ရက်

**ဗဟိုကော်မတီ**
**မွန်အမျိုးသားရေးရာအဖွဲ့ချုပ် (MAU)**

ဆက်သွယ်မေးမြန်ရန်
နိုင်လရီရှော့ (အထွေထွေအတွင်းရေးမှူး)
Mobil Ph: 082-6482449, Email: monaffairsunion@yahoo.com